**သီးနှံထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းမှ ပြည်တွင်းလုံခြုံစိတ်ချစွာ စားသုံးနိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးသီးနှံထွက်ကုန်များ၌ ပိုးသတ်ဆေးဓါတ်ကြွင်း၊ မှိုအဆိပ်နှင့် အဆိပ်ဓါတ်သတ္တုများကို စစ်ဆေးခြင်း**

| | |
|---|---|
| တင်ပြရန်လိုအပ်မည့် အထောက်အထားများ | (၁) Certificate of Analysis (COA) လျှောက်ထားရန် လျှောက်လွှာအား ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ (ရန်ကုန်) သို့ လိပ်မူ၍ ကုမ္ပဏီ Letter Head ပါသော လျှောက်လွှာဖြင့် စစ်ဆေးလိုသော စမ်းသပ်ချက်အား တင်ပြ လျှောက်ထားရမည်။<br>(၂) တင်ပို့မည့်သီးနှံထွက်ကုန်များ၏ကိုယ်စားပြုနမူနာနှင့်အတူလျှောက်ထား ရမည်။<br>(၃) လျှောက်ထားသူသည် မိမိတင်ပို့မည့်နိုင်ငံ၏တင်သွင်းရန် သတ်မှတ်ချက်/ လိုအပ်ချက်များအားသိရှိပြီးယင်းလိုအပ်ချက်နှင့်အညီ **Certificate of Analysis (COA)** ဓါတ်ခွဲခန်းစစ်ဆေးချက်လက်မှတ်အား လျှောက်ထားရမည်ဖြစ်သည်။ လျှောက်ထားသူသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ |
| (COA) ဓာတ်ခွဲစစ်ဆေးချက်လက်မှတ် ရရှိရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ | (၁) လျှောက်လွှာဖြင့် ဓာတ်ခွဲစစ်ဆေးခွင့်ပြုမိန့်ရရှိပြီးဖြစ်ရမည်။<br>(၂) ဓာတ်ခွဲစစ်ဆေးခငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်စာရင်းအမှတ် MD-013156 သို့ ပေးသွင်းရပါမည်။<br>(၃) ဘဏ်ချလံမိတ္တူနှင့်အတူ တင်ပို့မည့် သီးနှံထွက်ကုန်များ၏ ကိုယ်စားပြုနမူနာအား ဓာတ်ခွဲခန်းသို့ တင်ပြ ရမည်။<br>(၄) ကိုယ်စားပြုနမူနာအား (မက်ထရစ်တန် ၅၀ လျှင်-၁ ကီလိုဂရမ်)၊ (မက်ထရစ်တန် ၅၀ ကျော်ပါက -၂ ကီလိုဂရမ် ) ပေးသွင်းရမည်။<br>(၅) ဓာတ်ခွဲခန်း၏ နမူနာလက်ခံလျှောက်လွှာ (Sample Application Form) တွင် ကိုယ်စားပြုနမူနာများ၏ သတင်းအချက်လက်များကို လျှောက်ထားသူ ကိုယ်တိုင် မှန်ကန်စွာဖြည့်စွက်ရမည်။<br>(၆) သီးနှံကာကွယ်ရေးဌာနခွဲ (သီးနှံထွက်ကုန်များ စစ်ဆေးရေးဓါတ်ခွဲခန်း) သည် လျှောက်လွှာ၊ ဘဏ်ချလံမိတ္တူများနှင့်အတူ ကိုယ်စားပြုနမူနာအား လက်ခံရရှိပြီး ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးပြီးနောက် နမူနာအား ဓါတ်ခွဲစစ်ဆေးရန် ဆက်လက်ဆောင်ရွက်ပါသည်။ တင်ပို့မည့် နိုင်ငံ၏လိုအပ်ချက်အပေါ် မူတည်ပြီး ဓါတ်ခွဲခန်း၏ စစ်ဆေးမှုဆောင်ရွက်မည်ဖြစ်ပါသည်။ |
| ဝန်ဆောင်ခ | ပိုးသတ်ဆေးဓါတ်ကြွင်းများစစ်ဆေးခြင်း (ပိုးသတ်ဆေး ၄၀ မျိုး) = ၃၀၀၀၀ ကျပ်<br>မှိုဆိပ်စစ်ဆေးခြင်း = ၃၀၀၀၀ ကျပ်<br>အဆိပ်ဓာတ်သတ္တု (Ni, Cu, Cd, Pb) များ (၁)မျိုးစီအတွက် = ၁၅၀၀၀ ကျပ် |
| ကြာမြင့်ချိန် | ဓာတ်ခွဲခန်းမှ စစ်ဆေးမှုရလာဒ် (COA) အား (၅ရက်အတွင်း) ထုတ်ပေးမည်ဖြစ်ပါသည်။ |
| မှတ်ချက် | Certificate of Analysis (COA) ဓါတ်ခွဲ စစ်ဆေးချက်လက်မှတ်အား လာရောက် |

| | |
|---|---|
| | ထုတ်ယူရန် အကြောင်းကြားပေးပါသည်။ |
| လျှောက်ထားရမည့်နေရာ | ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန |
| အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့် | ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန |